# Highlights from DVB Debate’s Economy and Environmental Show

## January 9, 2016

## “How to balance Economy and Environment?”

“ကိုဇော်ဦးပြောတဲ့ သယံဇာတကျိန်စာသင့်တယ်ဆိုတာကို လက်မခံဘူး။ အစိုးရတရပ်သည် အတ္တအကျိုးစီးပွားတွေမလုပ်ဘဲ လူထုအကျိုးစီးပွားကိုသာ ရှေးရှုပြီးလုပ်ရင် ဒီပြဿနာတွေဖြစ်လာစရာမရှိဘူး”

ဦးထွန်းမြင့်အောင် - ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း

---

“ကျနော်တို့က အရင်းအမြစ်ကိုအခြေခံတဲ့ စီးပွားရေးဖြစ်နေတယ် အဲဒီကနေ လူသားအင်အားကိုအခြေခံတဲ့ စက်မှုထုတ်ကုန်လုပ်ငန်းတွေကို အခြေခံတဲ့ စီးပွားရေးဖြစ်အောင် လုပ်ရမယ်”

ဒေါက်တာဇော်ဦး - မြန်မာ တွင်းထွက်သယံဇာတအရင်းအမြစ်များ တူးဖော်ရေး စက်မှုလုပ်ငန်းများအဖွဲ့ နိုင်ငံလုံးဆိုင်ရာညှိနှိုင်းရေးမှူး

---

“ပတ္တမြားနဲ့ကျောက်စိမ်းသည် နိုင်ငံရဲ့ ရတနာတွေဖြစ်သင့်တာ အခုက ကျောက်စိမ်းသတ္တုတွင်းတခုလုံးရှာခံရပြီး ရွှေ့ပြောင်းခံနေရသလိုဖြစ်နေတယ်”

ဦးဇော်ဂင်း - သတ္တုတွင်းအင်ဂျင်နီယာပညာရှင်၊ ညွှန်ကြားရေးမှူး(ငြိမ်း) သတ္တုတွင်းဝန်ကြီးဌာန

---

“သတ္တုတွင်းကုမ္ပဏီတွေကို ဘယ်အချိန်ကလိုင်စင်ချပေးထားမှန်းမသိဘူး ဘယ်လောက်ရ ထားမှန်းလည်း မသိဘူး မြေတွေမှာ ခြံတွေခတ်ကြတယ် ကျူးကျော်လာရင် ဒေသခံတွေ တရားစွဲခံရတယ်”

ဦးထွန်းမြင့်အောင် - ၈၈မျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း

---

“တနင်္သာရီတိုင်းမှာ ဆီအုန်းတွေ စိုက်မယ်ဆိုပြီး စိုက်တာပဲ ဘာ EITIမှလည်း မရှိပါဘူးဗျာ”

ဦးအေးလွင် - အတွင်းရေးမှူး(မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်း)

“သတ္တုတူးဖော်တဲ့လုပ်ငန်းတွေမှာ ပါမစ် Condition ဆိုတာရှိတယ်။ လူတွေမထိခိုက်အောင်၊ ပတ်ဝန်းကျင်မထိခိုက်အောင် သစ်ပင်တွေမရှိတော့ရင် သစ်ပင်ပြန်စိုက်ပေးရမယ်ဆိုတာတွေ သတ်မှတ်ပြီးသား ဒါပေမယ့် ပါမစ်ကြီးကို ကုမ္ပဏီတွေကယူသွားတယ် သူတို့ပိုက်ဆံ သူတို့ရအောင်ပဲလုပ်တယ် ကျန်တာ ဘာမှ မလိုက်နာဘူး”

ဦးဇော်ဝင်း - သတ္တုတွင်းအင်ဂျင်နီယာပညာရှင်၊ ညွှန်ကြားရေးမှူး(ငြိမ်း) သတ္တုတွင်းဝန်ကြီးဌာန